# အစားအစာ တံဆိပ်တုံး

အဟာရထပ်ဆင့်တိုးမြှင့်ရေး အကူအညီ အစီအစဉ် (**SNAP**) အဖြစ် တစ်နိုင်ငံလုံး လူသိများသည့် ဂျော်ဂျီယာ (Georgia) အစားအစာ တံဆိပ်တုံး (Food Stamp) အစီအစဉ်သည် ဝင်ငွေနည်းပါးသည့်အိမ်ထောင်စုများအား အစားအစာ ကုန်ကျစရိတ်အတွက်ကူညီသည့် အနေဖြင့် လစဉ်သက်သာခွင့်များပေးအပ်သည့် ဗဟိုအစိုးရ ရန်ပုံငွေဖြင့် မတည်ထားသော အစီအစဉ်တစ်ခုဖြစ်ပါသည်။ အိမ်ထောင်စု တစ်ခုဆိုရာ၌ တစ်ဦးတည်း နေထိုင်သူ ဖြစ်ကောင်းဖြစ်နိုင်သည်၊ မိသားစု သို့မဟုတ် ဆွေမျိုးမတော်ကြသည့် လူအများ အတူတကွ စုပေါင်းနေထိုင်ပြီး အစားအစာများကို ပုံမှန်အတူတကွဝယ်ယူ၍ ပြင်ဆင်စားသုံးကြကြောင်း ဖြစ်နိုင်ကောင်း ဖြစ်နိုင်သည်။
မည်သူမဆို အစားအစာတံဆိပ်တုံး (Food Stamp) သက်သာခွင့်များကို လျှောက်ထားကောင်း လျှောက်ထားနိုင်ပါသည်။ အစီအစဉ် သည် အကန့်အသတ်ဖြစ်သော ဝင်ငွေနှင့်အရင်းအမြစ်များရှိသော အိမ်ထောင်စုများအား ထောက်ပံ့ပေးသည်။

**SNAP သက်သာခွင့်များကို မည်ကဲ့သို့ လျှောက်ထားရမည် -**

**အဆင့် တစ် - ပြင်ဆင်ထားပါ**
ဤစာရွက်စာတမ်းကို ရထိုက်ခွင့်သတ်မှတ်ချက်များနှင့်ပတ်သက်၍ ပိုမိုသိရှိရန် ဖတ်ရှုပါ- ဂျော်ဂျီယာရှိ SNAP သက်သာခွင့်များ

**အဆင့် နှစ် - သက်သာခွင့်များအတွက် လျှောက်လွှာကို ဖြည့်စွက်ပြီး တင်သွင်းပါ**
မည်ကဲ့သို့ လျှောက်ထားရမည် -

1. လျှောက်လွှာပုံစံကို ဤနေရာတွင် ဒေါင်းလုဒ် လုပ်ယူပါ-

   အင်္ဂလိပ်

   **သို့မဟုတ်**

   သင်သည် သင့်ဒေသရှိ DFCS ရုံးသို့ သွားရောက်ခြင်းဖြင့် စာရွက်ဖြင့်ရေးသားထားသည့် လျှောက်လွှာပုံစံကို တောင်းဆိုနိုင် သည် သို့မဟုတ် ဖောက်သည် ဆက်သွယ်ရေး စင်တာကို ဖုန်း 877-423-4746 ဖြင့်ခေါ်၍ လျှောက်လွှာကိုသင့်ထံသို့ စာတိုက်မှပို့ပေးရန် တောင်းဆိုနိုင်သည်။

   လျှောက်လွှာတစ်စောင်တွင် အိမ်ထောင်ဦးစီးအမည်၊ လိပ်စာ၊ ရက်စွဲနှင့် အိမ်ထောင်ဦးစီး၏လက်မှတ် သို့မဟုတ် အခြား အိမ်ထောင်စုဝင်၏ လက်မှတ် တို့ပါရှိပြီး ၎င်းလျှောက်လွှာကို ဌာနကလက်ခံလိုက်သောအခါ လျှောက်လွှာတစ်စောင်ကို တင်သွင်းပြီးဖြစ်သည်ဟု မှတ်ယူပါသည်။

2. လျှောက်လွှာကို စာတိုက်ဖြင့်ဖြစ်စေ သို့မဟုတ် သင့် ဒေသရှိ မိသားစုနှင့်ကလေးများ ဝန်ဆောင်မှုဌာန(DFCS) ရုံးတွင် လူကိုယ်တိုင် ဖြစ်စေ တင်သွင်းပါ။ သင်သည် သင့်ဒေသခရိုင်ရုံးကို ဆက်သွယ်ရမည့် အချက်အလက်စာရင်းတစ်ခု ဤနေရာတွင် တွေ့နိုင်ပါသည်။

**အဆင့် သုံး - လူတွေ့အင်တာဗျူး**

**သင့်လျှောက်လွှာကို တင်သွင်းပြီးနောက်** သင် သို့မဟုတ် သင့်အိမ်ထောင်စုဝင်တစ်ဦးသည် DFCS မှ ဝန်ထမ်းတစ်ဦး၏ လူတွေ့ မေးမြန်းခြင်းကိုခံရမည်ဖြစ်သည်။ လူတွေ့ မေးမြန်းခံရသူပုဂ္ဂိုလ်သည် သင့်အိမ်ထောင်စုအခြေအနေအကြောင်းကို သိရှိရမည် ဖြစ်သည်။ တယ်လီဖုန်းဖြင့် လူတွေ့ မေးမြန်းခြင်းသည် လိုအပ်ပါသည်။

---

**အထူး အသိပေးချက်များ -**

**ခွဲခြားဆက်ဆံခြင်း ကင်းမဲ့သည့် ထွက်ဆိုချက် -**

ဗဟိုအစိုးရ၏အများပြည်သူရပိုင်ခွင့်များဥပဒေနှင့် အမေရိကန်ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဌာန (USDA)၏ အများပြည်သူ ရပိုင်ခွင့် စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ USDA၊ ၎င်း၏အဖွဲ့အစည်းများ၊ ရုံးများ၊ အလုပ်သမားများ၊ USDA ၏ အစီအစဉ်များတွင်

ပါဝင်နေသည့် သို့မဟုတ် စီမံခန့်ခွဲနေသည့် အဖွဲ့အစည်းများအား လူမျိုး၊ အသားရောင်၊ မူရင်းနိုင်ငံသား၊ လိင်၊ ဘာသာရေးကိုးကွယ်မှု၊ မသန်မစွမ်းဖြစ်မှု၊ အသက်၊ နိုင်ငံရေးယုံကြည်ချက်များ အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်း၊ သို့မဟုတ် USDA မှဆောင်ရွက်သည့် သို့မဟုတ် ရန်ပုံငွေ မတည်ပေးထားသည့် အစီအစဉ် တစ်ခုခုတွင် ယခင်က အရပ်သားအခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုတစ်ခုခုအတွက် လက်တုံ့ပြန်ခြင်းမှ တားမြစ်ပိတ်ပင်ထားသည်။

အစီအစဉ်အချက်အလက်များအား (ဥပမာ ဘရေးလ်၊ စာလုံးကြီး၊ အသံတိပ်ခွေ၊ နားမကြားသူများအတွက် အမေရိကန် သင်္ကေတဘာသာစကား စသည်ဖြင့်) အခြားနည်းဖြင့် သိရှိလိုသည့် မသန်မစွမ်းသူများမှာ အကျိုးခံစားခွင့်များ လျှောက်သည့် (ပြည်နယ် သို့မဟုတ် ဒေသခံ) အဖွဲ့အစည်းအား ဆက်သွယ်ရပါမည်။ နားမကြားသူ၊ နားလေးသူ သို့မဟုတ် စကားမပြောနိုင်သူများမှာ USDA အား ဖက်ဒရယ်အစိုးရ တစ်ဆင့်ကမ်းဝန်ဆောင်မှု နံပါတ် (800) 877-8339 ဖြင့် ဆက်သွယ်နိုင်ပါသည်။ ထို့အပြင် အစီအစဉ် အချက်အလက်များအား အင်္ဂလိပ်ဘာသာ စကားအပြင် အခြားဘာသာစကားများဖြင့်လည်း ရယူနိုင်ပါသည်။

ခွဲခြားဆက်ဆံမှုတစ်ခု တိုင်တန်းရန် USDA အစီအစဉ် ခွဲခြားဆက်ဆံမှု တိုင်ကြားချက် ပုံစံ (USDA Program Discrimination Complaint Form) (AD-3027) ကို အွန်လိုင်းတွင် http://www.ascr.usda.gov/complaint_filing_cust.html သို့မဟုတ် USDA ရုံးတစ်ရုံးရုံး မှရယူဖြည့်စွက်ပါ။ သို့မဟုတ် ပုံစံတွင်တောင်းဆိုထားသည့် အချက်အလက်အားလုံး ပါရှိသည့် စာတစ်စောင်ကိုလည်း USDA ထံလိပ်မူ၍ ရေးနိုင်ပါသည်။ တိုင်ကြားသည့်ပုံစံတစ်ခုကိုတောင်းရန် ဖုန်း (866) 632-9992 ကိုဆက်ပါ။ ဖြည့်စွက်ပြီးသည့် ပုံစံ သို့မဟုတ် တိုင်တန်းစာကို USDA ထံ အောက်ပါနည်းများဖြင့် ပေးပို့ပါ -

(1) စာပို့ရန် - U.S. Department of Agriculture

Office of the Assistant Secretary for Civil Rights

1400 Independence Avenue, SW

Washington, D.C. 20250-9410;

(2) ဖက်စ်- (202) 690-7442; or

(3) အီးမေးလ်- program.intake@usda.gov.

ဤအဖွဲ့အစည်းသည် တန်းတူညီမျှအခွင့်အလမ်းအရ ဝန်ဆောင်မှုဖြန့်ချိသူများဖြစ်ကြပါသည်။

သင့်အနေဖြင့် DFCS Civil Rights Program, Two Peachtree Street, N.W., Suite 19-248, Atlanta, Georgia 30303 ကိုဆက်သွယ်၍လည်း ခွဲခြားဆက်ဆံမှုကို တိုင်တန်းနိုင်သည် သို့မဟုတ် ဖုန်း (404) 657-3735 သို့မဟုတ် ဖက်စ် (404) 463- 3978 ကိုလည်းဆက်နိုင်သည်။ အင်္ဂလိပ်ဘာသာစကားအကန့်အသတ်ရှိသူများနှင့် အာရုံချို့ယွင်းမှုဆိုင်ရာ ဝန်ဆောင်မှုများအတွက် DHS အင်္ဂလိပ်ဘာသာစကား အကန့်အသတ်နှင့် အာရုံချို့ယွင်းမှုအစီအစဉ်ကို Two Peachtree Street, N.W., Suite 29-103 N.W., Atlanta, GA 30303 ဖြင့်ဆက်သွယ်ပါ သို့မဟုတ် ဖုန်း (404)-657-5244 ဖြင့်ခေါ်ပါ သို့မဟုတ် ဖက်စ် (404)-651-6815 ဖြင့် ဖက်စ်ပို့ပါ။

**မလိုလားအပ်သော ဖုန်းခေါ်မှုများနှင့်ပတ်သက်၍ FNS မှ အသိပေးချက် -**

SNAP အခမဲ့ အချက်အလက် တိုက်ရိုက်ဖုန်းနံပါတ် 1-800-221-5689 ထံမှကဲ့သို့အယောင်ဆောင်၍ မလိုလားအပ်သော ဖုန်းခေါ်မှုများကို အများပြည်သူတို့က လက်ခံရရှိနေလျက်ရှိကြောင်း တိုင်းတန်းချက်များရှိပါသည်။ မလိုလားအပ်သည့် ဖုန်းခေါ်မှုများကို ခေါ်သူများသည် SNAP လျှောက်လွှာကို ဖြည့်စွက်ပေးရန်အတွက် သို့မဟုတ် အိမ်လုံခြုံရေး စနစ် ကဲ့သို့သော SNAP နှင့်မသက်ဆိုင်သော အခြား ဝန်ဆောင်မှုများတို့ကို အကူအညီပေးနေကြောင်းဖြင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တောင်းဆိုနေလျက်ရှိသည်။ကိုယ်ရေးကိုယ်တာ အချက်အလက်များ သို့မဟုတ် သင့် အကြွေးဝယ်ကတ်ပြား နံပါတ်ကို တယ်လီဖုန်းဖြင့် မလိုလားအပ်သော ဖုန်းခေါ်မှုများ ခေါ်သူများအား မည်သည့်အခါမျှ

မပေးပါနှင့်။ SNAP အခမဲ့ အချက်အလက် တိုက်ရိုက် ဖုန်းနံပါတ်ကို "အယောင်ဆောင်ခဲ့သည့်" ဤ ပြင်ပ အဖွဲ့အစည်းသည် FNS နှင့်သော်၄င်း သို့မဟုတ် SNAP နှင့်သော်၄င်း ပတ်သက်မှုမရှိပါ။ သင် 1-800-221-5689 ထံမှ တရားမဝင် ဖုန်းခေါ်မှုများကို လက်ခံရရှိနေကြောင်း အကယ်၍ သင် သံသယဖြစ်လျှင် သင့်အနေဖြင့် FCC သို့ တိုင်တန်းစာ တစ်စောင်ကို တင်သွင်းကောင်း တင်သွင်းနိုင်သည်။ အကယ်၍ သင်သည် ၄င်းကို သို့မဟုတ် အလားတူ ကိစ္စကို ကျူးလွန်ခံလိုက်ရပြီးဆိုလျှင် ကျေးဇူးပြု၍ မိမိ၏အတွင်းရေး ခိုးခံရမှုနှင့်ပတ်သက်၍ ပိုမိုသော အချက်အလက်များအတွက် http://www.ftc.gov/bcp/edu/microsites/idtheft/ တွင်ကြည့်ရှုပါ။